# မင်္ဂလာရာမ သတင်းလွှာ

( ၁၀–၁၁–၀၇ )

**သိမ်နှင့်သံဃာဆောင်အသစ် ဆောက်လုပ်လှူဒါန်းရေး** ။ ။ ယခင်က ယခုလက်ရှိ သံဃာတော်များ သီတင်းသုံးရာ ကျောင်းဆောင်ဟောင်းကို တိုးချဲ့ရန်သာ ရည်ရွယ်ခဲ့သော်လည်း ဦးချစ်မြိုင်, ဒေါ်လှစံဝေ, ဒေါ်မေတင့်လွင် တို့က အလှူငွေ တသောင်းစီ မတည်လှူဒါန်းကာ လက်ရှိ ကျောင်းဆောင်ဟောင်းကို ဖြိုပစ်ပြီး သံဃာတော်များ သီတင်းသုံးရန်နှင့် သိမ်ကျောင်းဆောင်အဖြစ် အသစ်တည်ဆောက်ရန် အကြံဉာဏ် ပေးကြ၍ BABA အသင်းကြီးမှ မကြာမီ သိမ်ကျောင်းဆောင်သစ်ကြီး စတင်တည်ဆောက် လှူဒါန်းတော့မည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် သိမ်ကျောင်းဆာင် သစ်ကြီးအတွက် လှူဒါန်းနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သိမ်နှင့်သံဃာဆောင်အသစ် ပြန်လည်တည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးကုမ္ပဏီ ၃–ခုနှင့် ဆက်သွယ်လျက် ရှိပါသည်၊ အဆိုပါ ကုမ္ပဏီများနှင့် ဆက်သွယ်ပေးခဲ့သော Mr.Richard + မပန်းဝါ၊ ဦးစိုင်းခွန်ဖ နှင့် ဦးလှဝင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်၊

**မုန်တိုင်းမိုးရေကန်** ။ Storm Water Management နောက်ဆုံးဖိုင်နယ် Inspection ကို စက်တင်ဘာလ ၁၄– ရက်နေ့တွင် အောင်မြင်ပြီးစီးခဲ့ပြီးဖြစ်၍သိမ်နှင့်သံဃာဆောင်အသစ် ဆောက်လုပ်ရေးပါမစ် ရရှိရန်အတွက် လမ်းပွင့်သွားပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆုတောင်းမေတ္တာပို့ပွဲ** ။ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် သံဃာတော်များအား ဘေးဘယာ ကင်းဝေးစေရန် ရည်သန်လျက် စက်တင်ဘာလ ၂၈–၂၉–၃၀–ရက်နေ့များတွင် မင်္ဂလာရာမကျောင်းတိုက်အတွင်း၌ ဆုတောင်းမေတ္တာပို့ပွဲများ ပြုလုပ်ခဲ့ပါသည်။ ၎င်းဆုတောင်းပွဲတွင် အာဟာရဒါနဖြင့် လှူဒါန်းခဲ့ကြသော ဒေါ်မေရီချစ်တီး မိသားစု၊ ဦးခင်မောင်ဝင်း မိသားစုနှင့် ဒေါ်ခင်ဆွေမြင့် ဒေါ်သန်းသန်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

**ကျေးဇူးတင်ရှိခြင်း**

၁။ သံဃာဆောင်အတွင်း အသုံးပြုရန် လျှပ်စစ်မီးဖိုအသစ် လှူဒါန်းခဲ့သော ဦးဇော်ဦး ဒေါ်ပေါပေါက် မိသားစုတို့အား၎င်း

၂။ ဓမ္မာရုံသစ်ကြီးတွင် အသံချဲ့စက်နှင့်မိုက်ကရိုဖုန်းအသစ် ပြန်လည်တပ်ဆင်လှူဒါန်းခဲ့သော U Alfred သာနိုး–ဒေါ်ခင်ဆွေနှင်း မိသားစုတို့အား၎င်း

၃။ မင်္ဂလာရာမကျောင်း DSL Internet လစဉ်လှူဒါန်းလျက်ရှိသော ဦးဇော်ဇော်–ဒေါ်နီမာထူး သားမောင်ဝသုန်မောင် မိသားစုတို့အား၎င်း အထူးကျေးဇူးတင်ရှိပါသည်။

**ဓမ္မသံဝေဂ ပွားများခြင်း**

ဦးအောင်ဖေ ဒေါ်တင်တင်သော်တို့၏ မိခင်ကြီး ဒေါ်စန်းရင် ( ၉၃ )နှစ် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် စက်တင်ဘာလက ကွယ်လွန်သွားခြင်းအတွက် မိသားစုများနှင့်အတူ BABA အသင်းကြီးမှ ဓမ္မသံဝေဂ ပွားများအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

BABA